# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေး
# သတ္တမနေ့အစီအစဉ်
# [ ၂၈- ၁၁ - ၂၀၁၆ ]
# (တနင်္လာနေ့ )

၁။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် သတ္တမနေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါ မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးဝင်းအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၏ **လမ်းဘေးလေလွင့်ကလေးသူငယ်များ ဘဝလုံခြုံရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် ပညာသင်ကြားရေး၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးနှင့် မှတ်ပုံတင်ရရှိရေးတို့အတွက် အစီအမံများ ချမှတ်ဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးဇယ်ခေါင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၏ **ကချင်ပြည်နယ်အတွင်းရှိ အစိုးရအုပ်ချုပ်မှု နယ်မြေအတွင်း စစ်ရှောင်စခန်းများကို လစာရိက္ခာတိုးမြှင့်ကူညီပေးနိုင်ရေး၊ အလုပ်အကိုင် ရှာဖွေဖန်တီးနိုင်ရေး၊ နေစရာ အခန်းများကို တိုးချဲ့ဆောက်လုပ်ပေးနိုင်ရေးနှင့် လုပ်ကိုင်စားသောက်ရန် သင့်တင့်သော မြေနေရာတွင် သင့်တင့်သော အကျယ်အဝန်းရှိ အိမ်၊ ခြံ မြေကွက်များ ဖော်ဆောင်ပေးရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးဖေတင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၏ **မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ တောင်ပကျေးရွာ အမက(၁) (မူလွန်) ကျောင်းဝင်းဘေးရှိ ဧရိယာ ၀.၃၃ ဧကအကျယ် မြေလွတ်နေရာတွင် နောက်ထပ် အဆောက်အအုံအသစ် ဆောက်လုပ်ရန် အစီအစဉ် ရှိ/မရှိ နှင့် မရှိပါက မူလမြေအလှူရှင်၏ မိသားစုထဲမှ ကိုယ်ပိုင်အိမ်ခြံမြေ မရှိသူအား ပြန်လည်စွန့်လွှတ်ပေးရန်** အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးခင်မောင်ဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၏ **တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် စာမေးပွဲ မေးခွန်းပုံစံ(Question Format) ပြောင်းလဲ ပြင်ဆင်၍ မေးမြန်းစစ်ဆေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါ်နန်းမိုးမိုးထွေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၏ **ပြည်ပသို့ တရားဝင်သွားရောက် အလုပ်လုပ်ကိုင်နိုင်ရန်အတွက် လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် အဆင့်ဆင့် ကြန့်ကြာမှုများကို ဖြေလျှော့ပေးရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၏ **စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့ကို မြန်မာ - အိန္ဒိယ နယ်စပ် အပြည်ပြည် ဆိုင်ရာ ဝင်/ထွက်ပေါက်အဖြစ် သတ်မှတ်ပြီး ကမ္ဘာ့လှည့်ခရီးသည်များ ဝင်/ထွက် ခွင့်ပြုရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေး သတ္တမနေ့ ရပ်နားကြောင်းနှင့် အဋ္ဌမနေ့ အစည်းအဝေး ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။